**ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး**

**Karenni Nationalities People's Liberation Front**

## ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) ၏ သဘောထားကြေညာချက်

ရက်စွဲ – ၂၅၊ ၁၂၊ ၂၀၂၁

မိမိတို့ ကလလတ အဖွဲ့အစည်းသည် ၁၉၉၄ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ငြိမ်းချမ်းရေးရယူခဲ့ပါသည်။

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် တပ်မတော်အကြီးအကဲ၏ ညှိနှိုင်းမှုကို ကလလတ အနေဖြင့် နယ်စပ်ဒေသ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူလူထုဘဝ လုံခြုံရေးကို ရှေးရှုကာ နယ်ခြားစောင့်တပ်အဖြစ် လက်ခံဖွဲ့စည်းခဲ့ပါသည်။

ယမန်နေ့ ( ၂၄၊ ၁၂၊ ၂၀၂၁ ) က ဖရူဆိုမြို့နယ်၊ မှုဆိုကျေးရွာအနီးတွင် ဒေသခံရွာသား (၃၅) ဦးကို စစ်တပ်မှ ဖမ်းဆီးစဉ် ပြည်သူလူထုက နယ်ခြားစောင့်တပ်ကို အကူအညီ တောင်းခံသည့်အတွက် မိမိတို့နယ်ခြားစောင့်တပ်ရဲဘော် (၄) ဦးက ညှိနှိုင်းပေးရန်သွားရောက်ရာ စစ်တပ်က ဖမ်းဆီးပြီး လက်ပြန်ကြိုးတုပ်၍ ဦးခေါင်းကို ပစ်ကာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါသည်။

၎င်းဖြစ်စဉ်တွင် ဖမ်းဆီးခံထားရသော ကလေးနှင့်အမျိုးသမီးများအပါအဝင် အပြစ်မဲ့ ရွာသား (၃၅) ဦးကို စစ်တပ်က ကားပေါ်ပစ်တင်၍ ဓါတ်ဆီလောင်းကာ အရှင်လတ်လတ် လူမဆန်စွာ မီးရှို့သတ်ဖြတ်ခဲ့သည့် စစ်ရာဇဝတ်မှုမြောက် အကြမ်းဖက်မှုကို ကျူးလွန်ခဲ့ပါသည်။

မိမိတို့ ကလလတ နှင့် နယ်ခြားစောင့်တပ်မှာ ပြည်သူ့ဆန္ဒနှင့်အညီ အပစ်အခတ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းခဲ့ပါသည်။

သို့သော်လည်း စစ်တပ်က မိမိတို့ ပြည်သူလူထုအပေါ် ဥပဒေမဲ့ အကြမ်းဖက် ရာဇဝတ်မှုကို ကျူးလွန်သည့်အတွက် ကလလတ အနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချပါသည်။

ဗဟိုကော်မတီ
ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး